မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုသည် ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွား

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း၌ အစုအဖွဲ့စုဖွဲ့မှုသည်အဓိကကျ

မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့ပြင့်လုပ်ငန်းများဖော်ဆောင်

တစ်ဦးတစ်ယောက်ချင်းကို နည်းပညာနှင့် အရင်းအနှီးပေးရန် ခက်ခဲ၍ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ပေါင်းစည်းလယ်ယာအဖြစ်လုပ်ကိုင်နိုင်ရေး တိုးချဲ့ဆောင်ရွက်

နေပြည်တော် ဇွန် ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

မိမိတို့မြန်မာနိုင်ငံလူဦးရေဟာ သန်း ၆၀ ခန့်ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေ ပြည်သူများဖြစ်ကြပါတယ်။ ဆင်းရဲနွမ်းပါးကြသူအများစုဟာလည်း အဲဒီကျေးလက်တွေမှာ နေထိုင်ကြသူတွေ ဖြစ်ပါတယ်။

အခြေခံကောင်း

ဆင်းရဲနွမ်းပါးကြတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန် (၅)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိရေးစတဲ့ ကဏ္ဍတွေမှာ အခြေခံကောင်းတွေ အထိုက်အလျောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ဒီအခြေခံကောင်းတွေကို အခြေခံပြီး ကျေးလက်ဒေသများမှာ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမို၍ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြီးခဲ့တဲ့မေလ ၂၀ ရက်နေ့က နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ် မိုးရေချိန်များ

၂၀-၆-၂၀၁၁

ရေးမြို့	၄ ဒသမ ၇၆ လက်မ
ပေါင်မြို့	၄ ဒသမ ၅၈ လက်မ
သထုံမြို့	၄ ဒသမ ၁၄ လက်မ
လောင်းလုံမြို့	၃ ဒသမ ၅၈ လက်မ
ရွှေကျင်မြို့	၂ ဒသမ ၄၈ လက်မ
ဘီးလင်းမြို့	၂ ဒသမ ၄၈ လက်မ
ဥမြို့	၂ ဒသမ ၂၄ လက်မ
ထားဝယ်မြို့	၂ ဒသမ ၂၄ လက်မ

❒ **ကျေးရွာနဲ့ မြို့နယ်များမှ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီသည် လုပ်ငန်းကဏ္ဍ (၈)ခုအလိုက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီကို ဖွဲ့စည်းပြီး မြို့နယ်တစ်မြို့နယ်ချင်း ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ရမှာဖြစ်။**

❒ **အစုအဖွဲ့များ ဖွဲ့စည်းရာတွင် အသင်းသားတစ်ဦးချင်း အစုဝင်ငွေ ထည့်ဝင်ရမှာဖြစ်သလို ထိုအစုဝင်ငွေမှ ပြန်လည်ငွေချေးမည်ဆိုပါက အစုဝင်ငွေ၏ သုံးဆခန့် ပြန်လည်ချေးပေးနိုင်အောင် စေတနာရှင် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများအား ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ကြရမှာဖြစ်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂၁ ရက်)

သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်မှုဖြင့်တားဆီးပါ

ယနေ့အချိန်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုများပြောင်းလဲမှုနှင့်အတူ ပြည်သူတို့အနေဖြင့် အထူးဂရုစိုက်ရမည်မှာ ကျန်းမာရေး ဖြစ်သည်။ ကျန်းမာရေးအတွက် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများဖြင့် နေထိုင်ကြရမည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်သည်။

မိုးရာသီ၌ အဖြစ်များသောရောဂါမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါပိုးသယ်ဆောင်ထားသည့် ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းကြောင့် ကူးစက်ခံရခြင်းဖြစ်ပြီး ရုတ်တရက်ဖျားနာလာတတ်သည်။ သာမန်သွေးလွန်တုပ်ကွေးရောဂါလက္ခဏာမှာ နှစ်ရက်မှ ခုနစ်ရက်ခန့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း စသည့်လက္ခဏာများဖြစ်သည်။

ဖျားနေရာမှ ရုတ်တရက်အဖျားကျပြီး ခြေဖျားလက်ဖျား အေးစက်လာခြင်း၊ မှိန်းနေခြင်း၊ သွေးလန့်သည့်လက္ခဏာဖြစ်ခြင်း စသည်တို့သည် လူနာအတွက် အသက်အန္တရာယ်ရှိနိုင်သဖြင့် အချိန်မီ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသသင့်သည်။ ဖျားနေချိန်တွင် သွေးယိုစီးသော လက္ခဏာဖြစ်သည့် အရေပြားပေါ်တွင် အနီစက်ကလေးများထွက်ခြင်း၊ သွားဖုံးမှ သွေးယိုစီးခြင်း၊ အန်သည့်အခါ အဖြူရောင် အရည်ထဲ၌ ကော်ဖီအဖတ်ကဲ့သို့ အညိုရောင်အမျှင်များ၊ အဖတ်ကလေးများပါလာခြင်း၊ ဝမ်းမည်းမည်း သွားခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့ဖြစ်ပါက ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက် ကုသမှုခံယူရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သည့် ခြင်ကျား၊ ခြင်ပုန်းဟုခေါ်သည့် အေးဒီး(စ်)ခြင်များသည် ရေကြည်၊ ရေသန့်၌ ပေါက်ပွားလေ့ရှိသည်။ အိမ်တွင်းအိမ်ပြင် ရေဝပ်နေသည့် နေရာ၊ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ လုံလုံခြုံခြုံမဖုံးထားသည့် ရေပုံး၊ ရေအိုး၊ ရေကန်၊ ဘူးခွံများ၊ ပုံးခွံများထဲရှိ ရေများထဲတွင် အေးဒီး(စ်)ခြင်၏ ပိုးလောက်လမ်းများကို တွေ့နိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်း နှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်)ဆောင်ရွက်ခြင်းကို ပြည်သူများက မိမိတို့၏အိမ်နှင့် အိမ်ပတ်ဝန်းကျင်တွင် လုပ်ဆောင်ထားပါက သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းစေနိုင်မည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် တစ်ကြိမ်ဖြစ်ပြီးပါက နောက်ထပ်လည်းဖြစ်လာနိုင်သေးရာ ကြိုတင်ကာကွယ်နှိမ်နင်းမှုဖြင့် သွေးလွန်တုပ်ကွေးရောဂါတားဆီးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အလေးထားလိုက်နာကာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပခုက္ကူမြို့၌ အခွန်ပညာပေး ရှင်းလင်း

ပခုက္ကူ ဇွန် ၂၀

ပခုက္ကူမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ ဝင်ငွေကြေညာလွှာတင်သွင်းမှုဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လိုက်နာဆောင်ရွက်မှုတိုးတက်လာစေရေးအတွက် အခွန်ပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးဦးစိုးမိုးနိုင်က အခွန်ဆိုင်ရာ သိကောင်းစရာများကို ပညာပေး ရှင်းလင်း ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ဝင်ငွေကြေညာလွှာများကို တစ်ပါတည်းတင်သွင်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ်(၁၇၆၂/က)နေ ဦးသောင်းဖေ (၁၀)လပြည့်အားရည်စူး၍ ဇနီး ဒေါ်အေးမြင့်နှင့် သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ယဉ်သီတာတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီးဘေး အုတ်ရေမြောင်းနှင့် ပလက်ဖောင်း ပြုပြင်ခြင်းလုပ်ငန်းကို မေ ၁၈ ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဗွိုင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(ဝ၆၆)

ပညာရည်ချွန်ဆုပေးပွဲ ဒေးဒရဲမြို့နယ်၌ ကျင်းပ

ဒေးဒရဲ ဇွန် ၂၀

ဒေးဒရဲမြို့နယ် ကျောင်းသားဟောင်းများ ပညာရေးအထောက်အကူပြုအဖွဲ့က ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင်၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့ပေါ် အထက(၁)၊ အထက(၂)နှင့် မြို့မအလကတို့မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံး ကျောင်းဆုနှင့် စေတနာပညာရေးအထောက်အကူပြု သင်တန်းမှ အောင်မြင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ **(အပေါ်ပုံ)**က ဂုဏ်ပြုဆုများချီးမြှင့်၍ အသက် (၇၀)အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင်များ လှူဒါန်း

ဖြူး ဇွန် ၂၀

ဖြူးမြို့နယ် ဇေယျဝတီဒေသ ပညာရေးမြှင့်တင်မှုကော်မတီက ချို့တဲ့နွမ်းပါးသည့် ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင်လှူဒါန်းပွဲကို ဇွန် ၁၁ရက် မွန်းလွဲ ၁နာရီက ဇေယျဝတီမြို့ အမက(၂)သကြားစက်၌ကျင်းပရာ ချို့တဲ့နွမ်းပါးသည့် ကျောင်းသား ကျောင်းသူ ၈၉ဦးအား တာဝန်ရှိသူများက ကျောင်းဝတ်စုံနှစ်စုံစီနှင့်ကျောင်းသုံးစာရေးကိရိယာ ကိုးမျိုးစီထောက်ပံ့ပေးအပ်သည်။

ဇေယျဝတီဒေသ ပညာရေးမြှင့်တင်မှုကော်မတီသို့ ရန်ကုန်မြို့နေ ဦးတင်အောင်-ဒေါ်အုန်းကြည်မိသားစု(ASIA Boom Co.,Ltd.)က ငွေကျပ် သိန်း ၃၀၊ ရန်ကုန်မြို့ ဦးသိန်းလွင်-ဒေါ်လွင်လွင်ဦးမိသားစု (Steel Stone Co., Ltd.)က ငွေကျပ်သိန်း ၃၀၊ ရန်ကုန်မြို့ ဦးတင်ကြိုင်-ဒေါ်ကြူ မိသားစုက ငွေကျပ်ငါးသိန်းနှင့် ဦးသောင်းမြင့်ထွန်း-ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် သိန်း ၇၀အား ပေးအပ်လှူဒါန်းသည်။ ထို့အပြင် သကြားစက်ရုံ၊ အရက်ချက်စက်ရုံနှင့် ဌာနဆိုင်ရာများ၊လုပ်ငန်းရှင်များ၊ စေတနာရှင်များက ငွေကျပ်ခုနစ်သိန်းကိုလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်တောသစ်ပင် ဒီချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

21-6 (02).pmd 1 6/21/2011, 2:49 AM

နိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ရှိ ဝန်ကြီးရုံး၊ လုပ်ငန်းဌာနနှင့် ဦးစီးဌာနများ၏ ရုံးအဆောက်အအုံများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများ အခြေအနေနှင့် ခုတင်(၅၀၀)ဆံ့ ဆေးရုံအဖြစ် ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မူလက ရုံးအဖြစ်ဖွဲ့စည်းထားသည့် အဆောက်အအုံဖြစ်၍ ဆေးရုံအဖြစ် ပြင်ဆင်မွမ်းမံရာတွင် ဆေးရုံတစ်ခု၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာနှင့်လက်ခံနိုင်သည့် ခုတင်အရေအတွက် မျှတမှုမရှိသည့်အတွက် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံကို ခုတင်(၅၀၀)ဆံ့ ဆီးနှင့် ကျောက်ကပ်၊ အသည်းနှင့်ရင်ခေါင်းဆိုင်ရာ ခွဲစိတ်နှင့်ကုသရေး အထူးကုဌာနများ၊ ကင်ဆာဆေးကုသဌာနနှင့် အရိုး၊ အကြော၊ အဆစ် ပညာဌာနများပါဝင်သည့် ဆေးရုံအဖြစ် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အိန္ဒိယ-မြန်မာချစ်ကြည်ရေး စီမံကိန်းအရ ဒေါပုံမြို့နယ်၌ တည်ဆောက်ထားသည့် တန်(၅၀၀)ဆံ့ Food Security Shelter သုံးလုံး ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂဒုတိယဥက္ကဋ္ဌနှင့် အီးယူသံအမတ်ကြီးတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ဒေးဗစ်လစ်ပ်မန်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာဒေးဗစ်လစ်ပ်မန်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်အီးယူတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၉။ **ဇင်ဇင်နှင့် ခြင်ကျား**
၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၁၁။ **International News**
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၄၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ **မပြောမပြီးမတီးမမြည်**
၅:၂၅ ၈။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၃၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရယ်စရာဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၈)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး

ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါး ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　ဇွန်　၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထူးချွန်ကျောင်းသားကျောင်းသူများအား စကားဝါမြေဖောင်ဒေးရှင်းမှ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော်　ဇွန်　၂၀

စကားဝါမြေ ဖောင်ဒေးရှင်းက ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ကျင်းပရာ ရှေးဦးစွာ စကားဝါမြေဖောင်ဒေးရှင်း နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဖြစ်ကြသော ဦးလှထွန်း၊ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူတို့က ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပြသပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ထူးချွန်ဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ လှူဒါန်းငွေများကို စကားဝါမြေ ဖောင်ဒေးရှင်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်က လက်ခံသည်။

စကားဝါမြေ ဖောင်ဒေးရှင်းက ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ ၁၅၇ ဦးတို့အား ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအား ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုခြင်းသည် ပိုမိုကြိုးပမ်း အားထုတ်လိုသည့် အားသစ်၊ အင်သစ်များ ရရှိစေရန်နှင့် ကြားသူ၊ မြင်သူ၊ သိသူ လူငယ်လူရွယ်များ ဂုဏ်ယူအားကျပြီး ပညာရေး အလေးအမြတ်ထားကြစေရန် ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်သကဲ့သို့ ပညာရေးဆိုင်ရာ ထူးချွန်အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်စေရန် ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စကားဝါမြေဖောင်ဒေးရှင်း နာယက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် ကျောက်ပန်းတောင်းမြို့နယ်၏ ပညာရေးကဏ္ဍအောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဦးလှထွန်းက ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် စာစောင်များ၊ မဂ္ဂဇင်းစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် စကားဝါမြေဖောင်ဒေးရှင်း အလှူငွေပေးအပ်ခြင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တစ်ဘာသာဂုဏ်ထူးရှင် ၈၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး စုစုပေါင်း ထူးချွန်

ဇွန် ၁၇ ရက်က ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ကလေးများအား ပေးအပ်စဉ်။ (၁၂၂)

အမှာစကားပြောကြား

စကားဝါမြေဖောင်ဒေးရှင်း နာယက ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း စကားဝါမြေဖောင်ဒေးရှင်းက၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းမြင့်မားအောင် ပူးပေါင်းဆောင်ရွက် ကုသရေးအရည်အသွေးနိုင်ငံတကာအဆင့်မီအောင် အမြဲတမ်း လေ့လာဆည်းပူး

နေပြည်တော်　ဇွန်　၂၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဆေးတက္ကသိုလ်(၁)ရန်ကုန် စာသင်ဆောင်(အေ)၌ ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံကြီး၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်သော တက္ကသိုလ်များမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့်တွေ့ဆုံ၍ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို စဉ်ဆက်မပြတ် လက်ဆင့်ကမ်းသင်ကြားပေးရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ကုသရေးအရည်အသွေးကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆည်းပူးသင်ကြားလေ့ကျင့်ကြရန်၊ စည်းကမ်းပြည့်ဝသည့် ထူးချွန်ထက်မြက်သော ဝန်ထမ်းများဖြစ်အောင် အစဉ်ကြိုးစားလေ့ကျင့်သွားကြရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားအောင် တူညီသောဦးတည်ချက်ဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန် စသည်ဖြင့်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့်အဖွဲ့သည် ဇွန် ၁၉ ရက်တွင် ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၀၀၊ အကျယ် ၁၀ ပေရှိ သနပ်ပင်-အုတ်ဖိုစု သစ်သားတံတား ပြင်ဆင်ဆောင်ရွက်နေမှုကို မေ ၂၁ ရက်က အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခင်မောင်ဌေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒေသခံတောင်သူလယ်သမားနှင့် လုပ်ငန်းရှင်များ နိုင်ငံတော်၏ စေတနာကိုနားလည်၊ အခွင့်အလမ်းများကို ရယူအသုံးချ

နေပြည်တော် ဇွန် ၂၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သော တောင်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အခွင့်အလမ်းများ

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီများ ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အခါ၌ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ဈေးကွက်ယှဉ်ပြိုင်ဆောင်ရွက်နေရသည့်အတွက် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မည့် အခြေခံအချက်များဖြစ်သည့် ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရေးနှင့် အရည်အသွေးထိန်းသိမ်းရေးစသည်တို့ကို ရင်ဆိုင်ဆောင်ရွက်နိုင်မည့် ဆန်စပါးနှင့် ပဲမျိုးစုံအထူးပြု ကုမ္ပဏီများ ဖွဲ့စည်းရေးနှင့် လက်ကားကုန်စည်ဒိုင်များ ပေါ်ပေါက်လာရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ဆန်စပါးနှင့်ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်နိုင်က ဒေသခံတောင်သူလယ်သမားများအနေဖြင့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာနှင့်စိုက်ပျိုးစရိတ် ပံ့ပိုးငွေများ ရရှိကာ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်မှုကို ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်ပဈေးကွက်ကို တိုက်ရိုက်တင်ပို့နိုင်မည့် Regular Supplier Byer စနစ်ကို ရရှိစေမည့် အခွင့်အလမ်းကောင်းများကို ရရှိစေမည် ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်များဖြစ်ပေါ်လာပါက ပြည်တွင်းဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ အရည်အသွေးစံချိန်စံညွှန်း၊ နိုင်ငံတကာ ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာ အဆင့်မီ စီးပွားရေး ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊

ဆွေးနွေးမှာကြား

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းများကို သိရှိအသုံးချနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံတောင်သူလယ်သမား၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စစ်မှန်သောစေတနာကို သိရှိနားလည်ပြီး ရရှိမည့်အခွင့်အလမ်းများကို ရယူအသုံးချနိုင်စေရေးအတွက် ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဦးမြို့၊ ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာ၊ ထန်းကုန်းကျေးရွာနှင့် ကန့်ဘလူမြို့တို့သို့ ရောက်ရှိပြီး ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သော တောင်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညောင်ရွှေနှင့် ကလောမြို့နယ်ဦးစီးဌာနမှူးရုံးများ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် ဇွန် ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ညောင်ရွှေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဟိုပုံးမြို့နယ်ဦးစီးဌာနမှူးရုံး၌ အသက်(၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မေးမြန်းဆွေးနွေးကာ မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိပြီး လေယာဉ်ဆိုက်ရောက်ချိန်တွင် မိမိဌာန ဝန်ထမ်းများက နိုင်ငံသားနှင့် နိုင်ငံခြားသားခရီးသည်များ အဝင်/အထွက် စနစ်တကျ စစ်ဆေးဆောင်ရွက်နေမှု၊ မှတ်တမ်းများ ရေးသွင်းထိန်းသိမ်းထားရှိမှုနှင့် ဝန်ထမ်းအင်အား အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မိမိဌာနက ဆောင်ရွက်ပေးရမည့်အစီအစဉ်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေဆိပ်အတွင်း၌ ခရီးသည်များအား ဌာနအလိုက် စစ်ဆေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် ဟိုပုံးမြို့နယ် ဦးစီးဌာနမှူးရုံး၌ ကျောင်းပိတ်ရက်အတွင်း အထူးအစီအစဉ်ဖြင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းမ၌ မိမိဌာနနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မြို့နယ်ရုံးမှတ်တမ်းခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူလေးများအား ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကလေးငယ်တစ်ဦးချင်းထံ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရမည်းသင်းခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး အဆောက်အအုံသစ်နှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုရှေ့နေချုပ်ရုံး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရတနာတန်းဝင် ကျွန်းပင်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ယူကလစ်၊ စိန်တစ်လုံးသရက် စသည့် အရိပ်ရပင်နှင့် သီးပင်စားပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်သည် လျှိုပိတ်ဆည်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်းသားပေါက်များကို ငါးမျိုးစိုက်ထည့်ပေးပြီး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများကလည်း ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးပင်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၉၂၅ ပင်ကို စိုက်ပျိုးခဲ့ကြပြီး ငါးသားပေါက်ကောင်ရေ ၆၀၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဂျပန်ဧကရာဇ်မင်းမြတ်ထံ သံအမတ်ကြီးဦးခင်မောင်တင် ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၀

ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးခင်မောင်တင်သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၁၀ ရက်တွင် တိုကျိုမြို့၌ ဂျပန်နိုင်ငံဧကရာဇ် ဘုရင်မင်းမြတ် အကီဟီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဟင်္သာတမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီး(၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၁ ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မြန်မာနိုင်ငံသားများ၏အရေး

နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်ပေးသွားမည်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ထိုင်းနိုင်ငံ ပရပ်ချာကီရိခန် ပြည်နယ်အတွင်းရှိ Natural Fruit Co.,Ltd. ၏ နာနတ်သီးစည်သွတ်ဘူးနှင့် နာနတ်သီးစက်ရုံ၌ မြန်မာအလုပ်သမားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး မစ္စတာ ချလန်ချိုင်း ဆရီအွန်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

မှတ်ပုံတင်ဆောင်ရွက်

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အိမ်ရှင် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် စမုံစခွန်ပြည်နယ်ရှိ မြန်မာတရားမဝင် အလုပ်သမားများအား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို One-Stop Service မှတ်ပုံတင် Center ၌ သွားရောက် လေ့လာကြသည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများ မှတ်ပုံတင်ခြင်းကို သုံးနှစ်ကြာ ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၁ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ပြုလုပ်ခဲ့သော အစည်းအဝေး၌ မြန်မာနိုင်ငံဘက်မှ ဆွေးနွေးမှုအရ ထိုင်းနိုင်ငံဘက်က မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အဆိုပါမှတ်ပုံတင် Center တွင် မြန်မာအလုပ်သမားများအတွက် အလုပ်ရှင်ကိုယ်တိုင် အလုပ်သမားဦးရေစာရင်းဖြင့် လာရောက်၍ ဖောင်ဖြည့်ခြင်း၊ ထိုင်းပြည်ထဲရေးဌာန ကောင်တာ၌ မှတ်ပုံတင်ခြင်း၊ ဆေးစစ်ရန် ဆရာဝန်နှင့် Appointment ယူခြင်း၊ Work-permit ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို တစ်နေရာတည်း၌ One-Stop Service ဖြင့် စီမံဆောင်ရွက်ပေးထားသည်။ ထိုင်းနိုင်ငံ တစ်ဝန်းတွင် အလားတူ မှတ်ပုံတင်စခန်း ၈၅ ခု ဖွင့်လှစ်ထားကြောင်းသိရှိရသည်။

ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့သည် သတင်းထောက်များနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကူညီစောင့်ရှောက်

ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် ပြည်ပရှိ တရားဝင်၊ တရားမဝင် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ အနေဖြင့် မြန်မာနိုင်ငံသားများအရေး၊ မြန်မာအလုပ်သမားအရေးကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကူညီစောင့်ရှောက်ကာကွယ်ပေးရန် အသင့်ရှိနေကြောင်း၊ မြန်မာသံရုံးများအနေဖြင့် အလုပ်သမားရေးရာ ကိစ္စများနှင့်စပ်လျဉ်း၍ သတင်းရရှိလျှင် ရရှိချင်း သံရုံးမှ ကောင်စစ်အရာရှိများ သွားရောက်ကာ အရေးယူ ကူညီဆောင်ရွက်ပေးနေကြောင်း၊ ဥပမာအားဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ထိုင်းနိုင်ငံ မဟာချိုင်ယာဉ်တိုက်မှုကိစ္စ၊ ကြက်သားစက်ရုံ ပဋိပက္ခကိစ္စအပြင် မြန်မာသံရုံးလည်း မရှိ၊ သံတမန်အဆက်အသွယ်ပင် မရှိသည့် ဂျော်ဒန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာအလုပ်သမားများ အရေးကိစ္စတွင်လည်း ယင်းနိုင်ငံနှင့် အနီးကပ်ဆုံးရှိသည့် အစ္စရေးနိုင်ငံ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် အရာရှိများ ကိုယ်တိုင် သွားရောက်ကူညီဖြေရှင်းအားပေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ နိုင်ငံကိုယ်စားပြု မြန်မာသံရုံးများ၏ အရေးပါသောအခန်းကဏ္ဍကို သဘောပေါက်နားလည်ကြမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေး

ထိုင်းနိုင်ငံရောက် မြန်မာတရားမဝင် အလုပ်သမားများ မှတ်ပုံတင်ခြင်း ပြန်လည်ခွင့်ပြုမှုဆိုင်ရာ မြန်မာ-ထိုင်း နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပရပ်ချာကီရိခန်မြို့ရှိ Sofitel Centara Grand ဟိုတယ်ရှိ Colonial Hall ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မစ္စတာချလန်ချိုင်းဆရီအွန် ဦးဆောင်သော ထိုင်းကိုယ်စားလှယ် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ပရပ်ချာကီရိခန် ပြည်နယ်အတွင်းရှိ Natural Fruit Co.,Ltd. ၏ နာနတ်သီးစည်သွတ်ဘူးနှင့် နာနတ်သီးစက်ရုံကိုသွားရောက်လေ့လာကြသည်။

Natfruit နာနတ်သီးစက်ရုံ ဥက္ကဋ္ဌက ဒုတိယဝန်ကြီးအား စက်ရုံရှိ မြန်မာအလုပ်သမား ၄၀၀ ခန့်နှင့် တွေ့ဆုံစကားပြောနိုင်ရန် ကြိုတင်စီစဉ်ထားပေးရာ ဒုတိယဝန်ကြီးက မြန်မာအလုပ်သမားများအား တွေ့ဆုံပြီး အားပေးစကားပြောကြားရာတွင် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မိမိတို့ မြန်မာနိုင်ငံသားများ၏ အရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ပြီး မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများက စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အခက်အခဲ တစ်စုံတစ်ရာရှိပါက ဗန်ကောက်မြို့ရှိ မြန်မာသံအမတ်ကြီးထံ အချိန်မရွေး ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း၊ မြန်မာအလုပ်သမားများသည် ထိုင်းအလုပ်သမားများနည်းတူ အခွင့်အရေးများ ရရှိခံစားနေရသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိကြောင်း၊ မြန်မာတရားမဝင် အလုပ်သမားများအား မှတ်ပုံတင်ခွင့် ပြန်လည်ခွင့်ပြုလိုက်ရာ ထိုင်းနိုင်ငံအတွင်း စခန်း ၁၃ ခု၌ တစ်ရက်အတွင်း၌ပင် ဦးရေသုံးသောင်းကျော် မှတ်ပုံတင်နိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ကြားသိရကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ပေါက်လာတော့မည်ဖြစ်ရာ မိသားစုနှင့်အတူ ထိုက်တန်သော လုပ်ခလစာများဖြင့် လုပ်ကိုင်နေထိုင်နိုင်တော့မည့်ကာလမှာ မဝေးတော့ကြောင်း၊ အလုပ်သမားများအတွက် ယာယီမြန်မာနိုင်ငံကူးလက်မှတ် (၅)သိန်းခန့် ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသူ အလုပ်သမားများအတွက်လည်း ယာယီ မနလ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်း-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မကြာမီကာလအတွင်း တရားမဝင်အလုပ်သမား ပြဿနာများမှာ လုံးဝဖြေရှင်း အောင်မြင်နိုင်တော့မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြန်လည်ရောက်ရှိ

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်တို့ လိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနသို့ သွားရောက်ကာ ထိုင်းပူးတွဲနယ်နိမိတ်ကော်မတီဥက္ကဋ္ဌ သံအမတ်ကြီး H.E.Mr. Vasin Teeravechyan နှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းတပ်ဖွဲ့ခွဲမှူး (အောက်မြန်မာပြည်) ရဲမှူးကြီး မျိုးမင်းထိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ရင်၊ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နွေဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အား အသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၂၀

ယနေ့ညနေ ၄ နာရီ ၄၈ မိနစ် ၄၀ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (ယူနန်ပြည်နယ်အတွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ဒသမ၃ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဇွန် ၂၀ရက်က ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၁)မှ ကျောင်းဆင်း အရာရှိများ (၂၅)နှစ်မြောက် ကျောင်းဆင်း ငွေရတုအထိမ်းအမှတ်အဖြစ် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀)၌ ငွေကျပ်လေးသိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အမြို့မြို့ အနယ်နယ်တွင် ကျင်းပ

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၏၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၆ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်မြင့်က စခန်းနယ်မြေအလိုက် နယ်မြေတာဝန်ခံများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဟိုပုံးမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်က ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

မြောင်းမြမြို့နယ်၏ ၂၀၁၁-၂၀၁၂ စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က ဌာနဆိုင်ရာ ၁၈ ဌာနမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးစခန်းနယ်မြေ ၁၁ခုတို့မှ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ စီမံကိန်းတာဝန်များပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့ မင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၃ ဦးအေးချမ်းနှင့်အဖွဲ့ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်နိုင်၊ ဦးစီးအရာရှိ ဦးသိန်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဒီဆွေးနွေးပွဲမှာ ပြည်တွင်း၊ ပြည်ပမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ မြန်မာနိုင်ငံသားစီးပွားရေးပညာရှင်များ၊ သံအမတ်ကြီး အငြိမ်းစားများ၊ စီးပွားရေးတက္ကသိုလ်အသီးသီးတို့မှ စီးပွားရေးပညာရှင် ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး "ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး ဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် သုံးရက်ဆက်တိုက် ဆွေးနွေးခဲ့ကြပါတယ်။

ပွင့်ပွင့်လင်းလင်း

ဒီအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူအသီးသီးဟာ မိမိတို့ရဲ့ စီးပွားရေးဆိုင်ရာ အတတ်ပညာ၊ အတွေ့အကြုံနဲ့ အမြင်များကို ပကတိအခြေအနေနဲ့ ထင်ဟပ်ပြီး ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြတဲ့အတွက် ကျယ်ပြန့်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။

အဲဒီဆွေးနွေးချက်တွေကို စုစည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် မိမိတို့လုပ်သင့်တဲ့လုပ်ငန်းတွေ၊ မိမိတို့ လုပ်ရမယ့်လုပ်ငန်းတွေနဲ့ လုပ်နိုင်တဲ့ လုပ်ငန်းတွေကို ရွေးထုတ်ခဲ့တဲ့အခါ လုပ်ငန်း (၈)ခု ရရှိခဲ့ပါတယ်။ အဲဒီလုပ်ငန်း (၈)ခုကတော့-

(က) လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး။

(ခ) ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေး။

(ဂ) အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(ဃ) ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(င) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။

(စ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး။

(ဆ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဖြစ်ပါတယ်။

ထက်ဝက်လျှော့ချ

မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းဟာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ သို့သော်လည်း ကုလသမဂ္ဂထောင်စုနှစ်ပန်းတိုင် MDG ရည်မှန်းချက် (၁) အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုကို ထက်ဝက် လျှော့ချရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအသီးသီးကို ယခုဖွဲ့စည်းပြီး ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအနေနှင့် မူဝါဒပိုင်းဆိုင်ရာတွေကို လမ်းညွှန်ချမှတ်ကြီးကြပ်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေနဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက တာဝန်ယူပြီး အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြမယ့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီများကို အထောက်အကူပေးသွားရန် ဖြစ်ပါတယ်။

အကောင်အထည်ဖော်

တိုင်းဒေသကြီးနှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများအနေနဲ့ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုတို့သို့ အောက်ခြေအထိဆင်းပြီး မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ် အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့်ပူးပေါင်း၍ အထက်ပါလုပ်ငန်းများကို အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်အတွက် ကျေးလက်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းနည်းလမ်းများဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက် (Action Plan) ၏ ဘောင် (Frame) မူကြမ်းကို ချပြပေးမှာဖြစ်ပါတယ်။ ဒီချပြမှုမှာ လုပ်ငန်းကော်မတီသည် အထောက်အကူပြုကော်မတီများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မတီများနှင့်ညှိနှိုင်း၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ကော်မတီများမှ နယ်မြေဒေသနှင့် ဆီလျော်သော လုပ်ငန်းအစီအမံများကို အသေးစိတ်ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ စီမံချက်အကောင်အထည်ဖော်မယ့် ကာလကတော့ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်အထိ ဖြစ်ပါတယ်။

ဒီလုပ်ငန်းကို အကောင်အထည်ဖော်တဲ့အခါ အစုအဖွဲ့စုဖွဲ့မှုသည် အဓိကအကျဆုံးဖြစ်ပါတယ်။ မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့ဖြင့် အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်၍ နောင်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမ အသင်းများအသွင်သို့ လူထုယုံကြည်မှုရချိန်တွင် ပြောင်းလဲဖွဲ့စည်းခြင်းကို စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မြို့နယ်မှာစုဖွဲ့မည့် မြို့နယ်အစုအဖွဲ့သည် နောင်တစ်ချိန်တွင် မြို့နယ် သမဝါယမအသင်းစုများနှင့် ကျေးရွာမှာစုဖွဲ့မည့် ကျေးရွာအစုအဖွဲ့သည် နောင်တစ်ချိန်တွင် ကျေးရွာသမဝါယမအသင်းခွဲများ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေကို နောင်နှစ်နှစ်ခန့်ကြာသည့်အခါမှာ ကူးပြောင်းသွားနိုင်ဖို့ သမဝါယမဝန်ကြီးဌာနက ချမှတ်ထားတဲ့ စုဖွဲ့မှုပုံစံနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းလုပ်လိုသူများက အများသဘောတူ အစုဝင်ငွေများ ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ စုဖွဲ့ရာတွင် အထက်မှအောက်သို့ အမိန့်ပေးစနစ် (Top Down Policy) ဖြင့် ဖွဲ့စည်းခြင်းမျိုး ရှောင်ကြဉ်၍ လက်အောက်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေသော (Bottom Up Initiative) ပုံစံဖြင့် ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီသည် အထောက်အကူပြုကော်မတီများနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်စေလျက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ မြို့နယ်များတွင်လည်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး စိတ်ပါဝင်စားသည့် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများနှင့် အစုအဖွဲ့များဖွဲ့စည်းဖို့ လိုအပ်ပါတယ်။ *စာမျက်နှာ ၈ ကော်လံ ၁သို့*

■ အချို့မြို့နယ်၊ ကျေးရွာတို့တွင် တစ်ရွာလုံးငါးမွေးခြင်း၊ တစ်ရွာလုံး ဆိတ်မွေးခြင်း၊ တစ်ရွာလုံး ကြက်မွေးခြင်းမျိုးရှိပါက ရွေးချယ်စုစည်း၍ ကျေးရွာမွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးအစုအဖွဲ့ (ကျေးရွာအသင်းခွဲ)ကို သီးခြားဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်။

■ တောင်သူလယ်သမားများအနေနဲ့ အဓိကဝင်ငွေ (Primary Income) အတွက် စိုက်ပျိုးသောရာသီသီးနှံများဟာ အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သည့်အတွက် ကြားကာလမှာ နေ့စဉ် ဝင်ငွေရစေဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်းမှာ ပူးပေါင်းပြုလုပ်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းကို အကောင်အထည်ဖော်ပေးဖို့လို။

■ ပေါင်းစည်းလယ်ယာစနစ် ပြုလုပ်ခြင်းအားဖြင့် အိမ်ထောင်စုတစ်ခုအတွက် အလုပ်အကိုင်လည်းရ၊ ဝင်ငွေလည်းရ၊ သဘာဝမြေဩဇာရသည့်အပြင် ဇီဝဓာတ်ငွေ့လောင်စာကိုပါ အသုံးပြုနိုင်မှာဖြစ်။

21-6 (07).pmd 1 6/21/2011, 2:49 AM

စာမျက်နှာ ၇ မှ

ကွင်းဆင်းဆောင်ရွက်

အခုလို ကျေးရွာနဲ့ မြို့နယ်များမှ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ကော်မတီသည် လုပ်ငန်းကဏ္ဍ (၈)ခုအလိုက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီကို ဖွဲ့စည်းပြီး မြို့နယ် တစ်မြို့နယ်ချင်း ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် အသင်းသားတစ်ဦးချင်း အစုဝင်ငွေ ထည့်ဝင်ရမှာဖြစ်သလို ထိုအစုဝင်ငွေမှ ပြန်လည်ငွေချေးမည်ဆိုပါက အစုဝင်ငွေ၏ သုံးဆခန့် ပြန်လည်ချေးပေးနိုင်အောင် စေတနာရှင် ပုဂ္ဂလိကငွေစုငွေချေးအသင်းများအား ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက် ကြရမှာဖြစ်ပါတယ်။

အခုလို နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်နှင့် အတူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အစုအဖွဲ့ပိုင် အစုငွေ များဖြင့် ချေးငွေမလုံလောက်ပါက အထူးပြုကုမ္ပဏီများက အတိုးနှုန်း သက်သာစွာနဲ့ စာချုပ်ချုပ်ဆိုပြီး ကူညီပံ့ပိုးဖို့ လိုအပ်ပါတယ်။

ကျော်လွှားနိုင်

တောင်သူလယ်သမားများအတွက် အဓိကဝင်ငွေ (Primary Income) နှင့် ဒုတိယဝင်ငွေ (Secondary Income) ရရှိရန် အတွက် တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက် ဆင်းရဲမှုနှင့် အကြွေးတင်မှုမှ မလွတ်မြောက်နိုင်သည့် အခြေအနေမှ ကျော်လွှားနိုင်ရန် လုပ်ငန်း ကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် တစ်ဦးတစ်ယောက်ချင်း လက်လီစိတ်၍ နည်းပညာနှင့် အရင်းအနှီးပေးရန် ခက်ခဲပါတယ်။ ဒါကြောင့် ယခုကဲ့သို့ မြို့နယ်အစုအဖွဲ့ (မြို့နယ်အသင်းစု)နှင့် ကျေးရွာ အစုအဖွဲ့များ(ကျေးရွာအသင်းခွဲများ) ဖွဲ့စည်းဆောင်ရွက် ရခြင်း ဖြစ်ပါတယ်။

ပေါင်းစည်းလယ်ယာ

စုဖွဲ့တဲ့အခါမှာလည်း နယ်မြေဒေသနှင့်ဆီလျော်သည့် တောင်သူ လယ်သမားများ လက်ရှိတစ်ပိုင်တစ်နိုင်မွေးမြူနေသော ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ငါးတို့အနက် ၎င်းတို့ဆန္ဒအရစုဖွဲ့ဆောင်ရွက် မှုကို လိုအပ်သလို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် အဆင့်ထက် ပိုမိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစည်းလယ်ယာ အဖြစ် လုပ်ကိုင်နိုင်သည့် တောင်သူလယ်သမားကြီးများရွေးချယ်၍ ပေါင်းစည်းလယ်ယာ (Integrated Farming) လုပ်နိုင်ရေး တိုးချဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အချို့မြို့နယ်၊ ကျေးရွာတို့တွင် တစ်ရွာလုံး ငါးမွေးခြင်း၊ တစ်ရွာလုံး ဆိတ်မွေးခြင်း၊ တစ်ရွာလုံး ကြက်မွေးခြင်း မျိုးရှိပါက ရွေးချယ်စုစည်း၍ ကျေးရွာမွေးမြူရေးနှင့် သားငါး ထုတ်လုပ်ရေးအစုအဖွဲ့ (ကျေးရွာအသင်းခွဲ)ကို သီးခြားဖွဲ့စည်းဆောင်ရွက် ရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ အဓိကဝင်ငွေ (Primary Income) အတွက် စိုက်ပျိုးသော ရာသီသီးနှံများဟာ အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သည့်အတွက် ကြားကာလ မှာ နေ့စဉ် ဝင်ငွေရစေဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်းမှာ ပူးပေါင်းပြုလုပ်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းကို အကောင် အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ ထိုသို့ ပေါင်းစည်းလယ်ယာစနစ် ပြုလုပ်ခြင်းအားဖြင့် အိမ်ထောင်စုတစ်ခုအတွက် အလုပ်အကိုင် လည်းရ၊ ဝင်ငွေလည်းရ၊ သဘာဝမြေဩဇာရသည့်အပြင် ဇီဝဓာတ်ငွေ့ လောင်စာကိုပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

အစုအဖွဲ့များ ဖွဲ့စည်းတဲ့အခါလည်း တာဝန်ပေးသည့်အတွက် ဖွဲ့စည်းရသည့် ပုံစံမျိုးထက် ကျေးလက်ပြည်သူအတွင်းမှ ၎င်းတို့ ကိုယ်တိုင် ယုံယုံကြည်ကြည် လက်ခံကြိုးစားဆောင်ရွက်မည့်သူများ ဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ဖို့ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်း ကော်မတီများက စည်းရုံးဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလို ဆောင်ရွက် ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိလာပြီး ဆင်းရဲ နွမ်းပါးမှု လျော့ကျလာမှာ ဖြစ်ပါတယ်။

အာရုံစိုက်လုပ်ကိုင်

နိဂုံးချုပ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျော့ကျရေးအတွက် ယခုကဲ့သို့ အာရုံစိုက်လုပ်ကိုင်ခြင်း အားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျလာမှာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများ၊ အထောက်အကူ ပြုလုပ်ငန်းကော်မတီများအနေဖြင့် ပူးပေါင်းညှိနှိုင်းပြီး အသေးစိတ် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို စီစဉ်ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမျိုးသား စီမံ ကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP) တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အိမ်ထောင်စု များ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (Integrated Household Living Condition Assessment - IHLCA Survey) တွေ့ရှိချက် များအရ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများတွင် နယ်ပယ်(၈)ရပ်၌ တိုးတက် ကောင်းမွန်လာမှု၊ မြန်မာနိုင်ငံ အနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချ ရေးရည်မှန်းချက်နှင့်အညီ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်နေမှု၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီ၊ အထောက်အကူပြု ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ လုပ်ငန်းကော်မတီများ ဖွဲ့စည်းလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည့် အခြေအနေ၊ လုပ်ငန်းစီမံချက်နှင့် စီမံချက်ကာလ တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် က လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သိပ္ပံ နည်းကျစိုက်နည်းစနစ်များကို ဒေသ အခြေအနေနှင့်ကိုက်ညီစွာ လေ့ကျင့် ပညာပေးနိုင်ရေး၊ သုတေသန စိုက်ကွင်းများ ထူထောင်ပေးနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှု လယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေး၊ ငွေကြေးအရင်းအနှီးများ ကူညီ ထောက်ပံ့ပေးနိုင်ရေး၊ ပညာပေး ပေါင်းစည်းလယ်ယာစနစ် ထူထောင် နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ပွား စိုက်ကွင်းကြီးများနှင့် မျိုးစေ့ထုတ် လုပ်ငန်းကြီးများ ပေါ်ထွန်းလာစေရေး၊ စီးပွားရေး တွက်ခြေကိုက်မည့် လုပ်ငန်းများနှင့် လယ်ယာကဏ္ဍ အခြေခံ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေး တို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အားပေးမြှင့်တင်

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်းက မွေးမြူ ရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး ကဏ္ဍနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက် မည့် နည်းလမ်းများ၊ ဘေးထွက် ပစ္စည်းများမှတစ်ဆင့် ဇီဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့် ဌာနမှပံ့ပိုးဆောင်ရွက် ပေးနိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖြစ်နိုင်ခြေ ရှိသော အသားကဏ္ဍ၊ ငါးကဏ္ဍ ဆိုင်ရာ အစုအဖွဲ့များအခြေအနေ၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေ အနေများကို ရှင်းလင်းတင်ပြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ကဏ္ဍနှင့်ပတ်သက်၍ လယ်ယာ သီးနှံသာမက အခြားလက်မှုပစ္စည်း များ၊ အနုပညာပစ္စည်းများ၊ လူသုံး အိမ်သုံးပစ္စည်းများ ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင် ခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ အတတ် ပညာ၊ ဗဟုသုတများ တိုးတက်စေ ရေးအတွက် ဆောင်ရွက်ခြင်း၊ မြို့နယ်အသီးသီးရှိ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ် တိုးတက်အောင် အားပေးမြှင့်တင် ခြင်းတို့ကို ဆောင်ရွက်နေမှု၊ သီးနှံ အထူးပြုကုမ္ပဏီများ၊ သီးနှံကုန်စည် ဒိုင်များနှင့် သီးနှံအမျိုးအစားအလိုက် ဇုန်များ ဖွဲ့စည်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းစဉ် အသစ်များ ထပ်မံ ရေးဆွဲစီမံ ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းက အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက် ၍ လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး သမဝါယမဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်က သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက် ရမည့် လုပ်ငန်းများ၊ အပြည်ပြည် ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ မူဝါဒများနှင့်အညီ ချမှတ်ကျင့်သုံး လျက်ရှိသည့် မြန်မာ့သမဝါယမ အခြေခံမူဝါဒ (၁၀) ချက်၊ သမ ဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဖွဲ့စည်းဆောင်ရွက်မှု များ၊ သမဝါယမလုပ်ငန်းကဏ္ဍ လေး မျိုး၊ သမဝါယမအသင်း အဆင့်ဆင့် ဖွဲ့စည်းမှု၊ ဖွင့်လှစ်သင်ကြားပေး လျက်ရှိသည့် သမဝါယမဒီဂရီ ကောလိပ်၊ ကောလိပ်နှင့် သင်တန်း ကျောင်းများ အခြေအနေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း လုပ်ထုံး လုပ်နည်းနှင့် ညွှန်ကြားချက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ သမဝါယမ အသင်းများအား ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေ အနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဖော်ဆောင်

ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အပါအဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဆပ်ကော်မတီ၊ ခရိုင်နှင့် မြို့နယ်ဆပ်ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်မည့်အခြေအနေ၊ ဆပ် ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော် ဆောင်ရွက် သွားမည့်အခြေအနေ၊ ကျေးလက်

ခမ်း ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေးအတွက် ဖွဲ့စည်းဆောင်ရွက်မှုများ၊ သမဝါယမလုပ်ငန်းကဏ္ဍ လေးမျိုး၊ သမဝါယမအသင်း အဆင့်ဆင့် ဖွဲ့စည်းမှု၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သမဝါယမဒီဂရီကောလိပ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ အခြေအနေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်ပါ

ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးဟူသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနယ်ပယ် (၅) ရပ်၌ နိုင်ငံတော်အစိုးရ၏ အားဘဏ်များ၊ ငွေစုငွေချေးသမဝါယမများ၏ အား၊ ဖောင်ဒေးရှင်းများ၏ အား၊ လုပ်ငန်းရှင်များ၏ အား၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အား၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အား၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အား၊ စေတနာရှင်များ၏ အား၊ လူမှုရေးအသင်းအဖွဲ့များ၏ အား၊ ဒေသခံပြည်သူများ၏ အား ဟူသည့် အား (၁၀) အားတို့ဖြင့် လက်တွေ့ကျပြီး ထိရောက်သော ဆက်စပ်လုပ်ငန်းစဉ်များအား တစိုက်မတ်မတ်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံးစနစ်၊ ရေအားစွမ်းအင်သုံးစနစ်၊ လေစွမ်းအင်သုံးစနစ်၊ စွန့်ပစ်ပစ္စည်းများဖြစ်သည့် နွားချေး၊ စပါးခွံနှင့် သစ်တိုသစ်စသုံးစနစ်နှင့် အင်ဂျင်ပါဝါသုံးစနစ်များဖြင့် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ရေး စည်းရုံးဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖွင့်လှစ်ထားရှိ

မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင်ရှိပြီး လယ်မြေများအား တစ်ဧကစံကိုက်အကွက်များ ဖော်ထုတ်မှု၊ အထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်မှုနှင့် မျိုးသန့် မျိုးပွား မျိုးစေ့ဖြန့်ဖြူးမှု အခြေအနေ၊ ဓာတု ကင်းလွတ်ဟင်းသီးဟင်းရွက်ဇုန်တည်ဆောက်နေမှု အခြေအနေ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစုငွေချေးအသင်းများ ဖွဲ့စည်းထားမှုနှင့် ငွေထုတ်ချေးမှု အခြေအနေ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးရုံဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ အဆင့်မြင့်လယ်ယာ ဖော်ထုတ်ဆောင်ရွက်နေမှု၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်နှင့် အားလုံးပေါင်းစပ်ဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် မှန်ကန်သည့် စာရင်းဇယား အချက်အလက်များရရှိမှသာ ယင်းစာရင်းဇယားအပေါ်မူတည်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းများထိရောက်အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ သက်ဆိုင်ရာ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းရှင်များအပိုင်းကလည်း နိုင်ငံတော်အစိုးရနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းအောင်မြင်နိုင်ရန်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ပိုမိုမြှင့်တင်

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ် (၈)ရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အောက်ခြေအထိဆင်းပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်မှသာ ရည်မှန်းချက်များအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ပိုမိုမြှင့်တင်တည်ဆောက်ပေးခြင်းဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာနိုင်မည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ပေါင်းစပ်ကူညီ

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ကျေးလက်ဒေသကိုဗဟိုပြု၍ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၊ အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံ လူတန်းစားများဖြစ်သည့်အတွက် အခြေခံလူတန်းစားများ၏ လူမှုဘဝ မြင့်တက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ လက်တွေ့ကွင်းဆင်းလေ့လာပြီး လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများရရှိရေး ပေါင်းစပ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဝိဉာဏ်ခေါ်တာရုပ်သင့်ပြီ** တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၉)
၈:၅၀	Activities in the City [ကုသိုလ်ဖြစ်သွေးလှူဒါန်းပွဲနှင့် ပညာဒါနဖွင့်ပွဲ (တောင်ဒဂုံ ပရိယတ္တိစာသင်တိုက်)]
၉:၀၀	အထက(၄) သာကေတ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနား
၉:၁၅	သာသနာ့အကျိုးရွက်သယ်ပိုးကာ စံပြုထိုက်ရာ သကျမိတာ
၉:၃၀	Cartoon Show Time (Romeo & Juliet)
၁၀:၁၀	အလက (၉) အင်းစိန် ယခင်စိန်ဂျော့ကျောင်း၏ အာစရိယပူဇော်ပွဲ
၁၀:၃၀	Celebrity Style (သက်သခင်)
၁၀:၅၀	Activities in the City (ပထမအကြိမ် စုပေါင်းမဟာပဋ္ဌာန်း၊ အလှူတော်မင်္ဂလာ)
၁၁:၀၅	သင်ကြားရေးလမ်းညွှန် (Auston Institute)
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	နိဗ္ဗာန်သို့ရည်မျှော်သာသနာ့အမွေခံသည့် အလှူတော်
၁၂:၁၅	ရန်ကုန်မြင်ကွင်းကျယ် (GOFEN ဆေးပစ္စည်းသစ် မိတ်ဆက်ပွဲ)
၁၂:၃၀	ဂီတနက်သန် ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၆)
၁:၀၀	**ဝိဉာဏ်ခေါ်တာရုပ်သင့်ပြီ** တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	အနုပညာနှင့် နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ကမ္ဘာလေး
၃:၀၀	မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၃:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၁)
၄:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၉)
၅:၀၅	အသည်းကင်ဆာကုထုံးသစ်အကြောင်းဆွေးနွေးခြင်း (အပိုင်း-၂)
၅:၂၅	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Miss Enat 2011 & Miss Enat Working Lady 2011)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၂)
၇:၂၅	Celebrity Choice (အိန်းအိန်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများအကြောင်း)
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၀)
၁၀:၂၅	အနုပညာမိုးကောင်းကင်
၁၀:၄၅	သီးနှံစိုက်ပျိုးအထွက်တိုးစားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့
၁၀:၅၀	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၁:၀၅	World of Knowledge (Planet Mechanics)
၁၁:၅၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ် ပြုလုပ်နည်း)
၁၂:၀၀	Celebrity Profile (Rain)
၁၂:၃၀	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
၁၂:၄၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆို)
၁:၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁:၂၅	Box Office Movies (Star Trek)
၁:၄၅	ညောင်ဇင်ရွာတစ်ထောက်နားစားဖွယ်ကများ
၂:၀၀	ဒို့တိုင်းဌာနီရောဝတီ (ဥတိုပေါ်ဆန်းစပါး)
၂:၃၀	မက်မက်မောမော မက်မန်း
၂:၄၀	သာယာလှပတောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၄:၂၀	ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတားဆွယ်တာလုပ်ငန်း
၄:၃၅	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
၄:၅၀	ထင်ရှားဖူးမြော် ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီအတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ သမဝါယမ အသင်းများအား ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဖော်ဆောင်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအပါအဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဆပ်ကော်မတီ၊ ခရိုင်နှင့် မြို့နယ်ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေ၊ ကျေးလက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မည့် သစ်တောပြုစုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့နည်းရေး၊ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ရေးလုပ်ငန်းများအခြေအနေ၊ ကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်လာစေလုပ်ငန်းကဏ္ဍ(၈)ခု အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများက ကျေးလက်ဒေသ

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့်စာစီစာကုံး ပြိုင်ပွဲ ဟားခါးမြို့၌ကျင်းပ

နေပြည်တော် ဇွန် ၂၀

၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၈၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲများသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

အိမ်မဲမြို့ နွယ်နီလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ ၂၆ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့်အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်နှင့် ဝန်ထမ်းသားသမီးများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် ဝန်ထမ်းသားသမီးများအား ဝတ်စုံတန်ဖိုး ငွေကျပ်နှစ်သိန်းငါးသောင်းကျော်နှင့် ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် စာအုပ်တန်ဖိုး ငွေကျပ်နှစ်သိန်းကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဆွေက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(အပေါ်ပုံ)**

ချီးမြှင့်

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဆွေက စာရေးဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းမှ ထူးချွန်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု မိုင်းဆတ်၌ ကျင်းပ

မိုင်းဆတ် ဇွန် ၂၀

မိုင်းဆတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့်အာဆီယံသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနေ့ အထိမ်းအမှတ်အဖြစ် ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးသန်းဦးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်အေး၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဦးစီးဌာနမှ ခြင်ထောင်ဆေးရည်စိမ်မှုလက်တွေ့ သရုပ်ပြသခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေတိုင်ကီ၊ ရေလှောင်ကန်၊ ရေပုံးများထဲသို့ ပိုးလောက်လမ်းဆေးခတ်ခြင်းနှင့် မြို့သစ်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

တောင်ငူမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ ဘုတ်တလုပ်ကန် သံဆူးကြိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂၉ ရက်က အမှုဆောင်အရာရှိဦးမျိုးကျော်လတ် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင်မောင်အေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅	၉။	အင်္ဂလိပ်စာသုတ
၄း၅၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်** (အပိုင်း -၁၂)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၅။	ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅	၁၆။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၃၄)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဟာသရုပ်စုံ
	၂၅။	သီချင်းလက်ဆောင်
	၂၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၅)
	၂၈။	Mini Series

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

သရက်ချောင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သရက်ချောင်း ဇွန် ၂၀

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် ညနေ ၄ နာရီက သရက်နှစ်ခွကျေးရွာအနီး မြိတ်-ထားဝယ်သွား ကားလမ်းနှင့် သရက်နှစ်ခွ ဘူတာသွား လမ်းဘေးဝဲယာတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သစ်တောဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာ၊ ရပ်ကွက်ပြည်သူ အင်အား ၃၅၀ခန့်က ပျဉ်းကတိုးပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

သရက်ချောင်းမြို့နယ်တွင် သစ်တောဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန်အတွက် တစ်ရွာ တစ်ဧက၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀နှင့် ပျဉ်းကတိုး သုံးပင်၊ လမ်းဘေးဝဲယာ အပင် ၁၀၀၀နှင့် ဌာနဆိုင်ရာ ပြည်သူများအား ဖြန့်ဝေပျိုးပင် ၂၇၇၀၀ ကို ပျိုးထောင်စိုက်ပျိုးပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လက်ပံတန်း ဇွန် ၂၀

လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ကကြီးကြပ်၍ ရေင်ကျေးရွာအုပ်စု တောင်တန်းမြိုင် အခြေခံပညာမူလတန်းကျောင်းဝင်း မြေကွက်လပ်တွင် ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများစုပေါင်း၍ ကျွန်း ၂၅၀၊ ပျဉ်းကတိုး ၂၅၀၊ မဟော်ဂနီ ၂၅၀ နှင့် ယင်းမာ ၂၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကုတ်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်ကုတ် ဇွန် ၂၀

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို တောင်ကုတ်မြို့နယ်၌ ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းခြံဝင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မဲဇလီ၊ ခရေ၊ ပုန်းညက် အပင်ပေါင်း ၂၅၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ခရီးသည် ၃၈၀ တင်ဆောင်ပျံသန်းလာသောလေယာဉ် ငှက်အုပ်နှင့်တိုက်မိပြီး အရေးပေါ်ဆင်းသက်ခဲ့ရ

ဟိုနိုလူလူ ဇွန် ၂၀

ခရီးသည် ၃၈၀ ကို တင်ဆောင်ကာ အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းမှ ဂျပန်နိုင်ငံသို့ ဇွန် ၁၉ ရက်က ပျံသန်းလာသော ဒယ်လ်တာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဝေဟင်၌ ငှက်တစ်အုပ်နှင့်တိုက်မိပြီး **(အပေါ်ပုံ)** မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ၎င်းလေကြောင်းလိုင်းမှ အရာရှိများက ဇွန် ၂၀ ရက်၌ ပြောကြားသည်။

အရေးပေါ်ဆင်းသက်

၎င်းလေကြောင်းလိုင်းမှ ဒယ်လ်တာ- ၇၄၇ လေယာဉ်သည် ဟာဝိုင်ယီကျွန်းမြို့တော် ဟိုနိုလူလူ လေဆိပ်မှ ဂျပန်နိုင်ငံ အိုဆာကာမြို့ လေဆိပ်သို့ ပျံသန်းလာစဉ် အိပ်တန်းပြန်လာသော ပင်လယ်စင်ရော်ငှက်အုပ်တစ်အုပ်နှင့် ညနေ ၅ နာရီ မိနစ် ၄၀၌ တိုက်မိခဲ့သဖြင့် ဂျပန်နိုင်ငံ အိုဆာဟူမြို့ အနောက်မြောက်ဘက် မိုင် ၁၃၀၀ ခန့်အကွာ လေတပ်အခြေစိုက် စခန်းဟောင်းတစ်ခုသို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ပျံသန်းပို့ဆောင်

ခရီးသည်များတစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း၊ လေယာဉ်ထိခိုက်မှုရှိခဲ့သည့်အတွက် နောက်ထပ် ဒယ်လ်တာ လေယာဉ်တစ်စင်းရောက်ရှိလာကာ ၎င်းလေယာဉ်ဖြင့် ခရီးသည်များ တင်ဆောင်ပြီး အိုဆာကာလေဆိပ်သို့ ဆက်လက်ပျံသန်းပို့ဆောင်ပေးခဲ့ရကြောင်း ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံး တရုတ် လွှတ်တင်မည်

မိုးမြင့်လင်းလက်– စုစည်းသည်

စီချန် ဇွန် ၂၀

တရုတ်နိုင်ငံက လာမည့် ၁၀ ရက်အတွင်း ကျောင်စင်း-၁၀ အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို အာကာသသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း တရုတ်အာကာသသိပ္ပံ အရာရှိများက ဇွန် ၂၀ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

တပ်ဆင်ထား

၎င်းဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချန် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ပြီး ယခုအခါ ၎င်းဂြိုဟ်တုကို သယ်ဆောင်သွားမည့် ဒုံးပျံနှင့်အတူ ဒုံးပစ်စင်၌ တပ်ဆင်ထားပြီး ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုကို လောင်းမတ်ချ်-3B ဒုံးပျံက ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း သယ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဂြိုဟ်တုသည် တရုတ်နိုင်ငံ အပါအဝင် အခြားအာရှနိုင်ငံများအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေရေးတို့တွင် လွယ်ကူလျင်မြန်စေရန် ထောက်ကူ ပံပိုးပေးသွားမည် ဖြစ်သည်။ **(အင်တာနက်)**

မက္ကဆီကို၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ၁၇ ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

မက္ကစီကိုစီးတီး ဇွန် ၂၀

မက္ကဆီကိုနိုင်ငံ မွန်တာရီမြို့တွင် ဇွန် ၁၉ ရက်က သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၇ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကို ရဲတပ်ဖွဲ့က ဇွန် ၂၀ ရက်၌ ပြောကြားသည်။

မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းများနှင့် ဆက်စပ်နေသောဂိုဏ်းများ၏ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပြီး ပြည်သူများ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ သေဆုံးနေသူများကို မွန်တာရီမြို့လယ်နှင့် ဆင်ခြေဖုံးအရပ်များ အပါအဝင် အခြားနေရာများ၌ ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်းသိရှိခဲ့ရသည်။ သေဆုံးသူများမှာ အသက် ၁၈ နှစ်နှင့် ၂၅ နှစ်အကြား လူငယ်များဖြစ်ကြသည်။ မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပြည်သူ ၃၇၀၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။ **(အပေါ်ဝဲပုံ)** **(အင်တာနက်)**

နိုင်ငံတကာအားကစား

မြင့်မောင်စိုး – ရေးသားသည်

ချီလီတိုက်စစ်မှူး ဆန်ချက် ဘာစီလိုနာနှင့် စာချုပ်မည်

ဆန်တီယာဂို ဇွန် ၂၀

*ချီလီတိုက်စစ်မှူး အလီဇစ်ဆန်ချက်**(ယာပုံ)**သည် မန်စီးတီးနှင့် သဘောတူထားမှုကို ပယ်ဖျက်ပြီး ဥရောပချန်ပီယံ ဘာစီလိုနာအသင်းနှင့် စာချုပ်လိမ့်မည်ဖြစ်ကြောင်း ချီလီနေ့စဉ်သတင်းစာက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြသည်။*

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆန်ချက်သည် ယူရို ၃၅ သန်းဖြင့် အီတလီ စီးရီးအေကလပ် အူဒီးနိစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အူဒီးနိစ်အသင်းအတွက် ၁၂ဂိုး သွင်းယူပေးခဲ့ပြီး အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကစားပေးခဲ့ကြောင်း အီးအိုင် မာကူရီယို သတင်းစာ၌ ဖော်ပြထားသည်။ ဆန်ချက်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချီလီအသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့သူလည်း ဖြစ်သည်။

၎င်းအား မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ချန်ပီယံမန်ယူတို့က စာချုပ်ရန် ကမ်းလှမ်းခဲ့သည်။ သို့သော် ၎င်း၏ဆန္ဒအရ ဥရောပချန်ပီယံ ဘာစီလိုနာအသင်းနှင့် ယခုသီတင်းပတ်အတွင်း စာချုပ်လိမ့်မည်ဟု ဆိုသည်။ ***(အင်တာနက်)***

ကွင်းလယ်ကစားသမား မိုဒရစ် စပါးအသင်းကို ဖလားဆွတ်ခူးပေးနိုင်လိမ့်မည်

လန်ဒန် ဇွန် ၂၀

*ကွင်းလယ်ကစားသမား လူကာမိုဒရစ် **(ဝဲပုံ)**သည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းအတွက် အဆုံးအဖြတ်ဂိုးများကို သွင်းယူပေးခဲ့သူဖြစ်ကြောင်း နည်းပြရက်နက်စ်က ပြောကြားလိုက်သည်။*

ဆွတ်ခူး

အသက် ၂၅ နှစ်အရွယ်ရှိ ခရိုအေးရှားကစားသမား မိုဒရစ်အား ချယ်လ်ဆီးအသင်းက ပေါင် ၂၂ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းထားသည်။ သို့သော် စပါးအသင်းက ထိုပြောင်းရွှေ့ကြေးထက် ပိုပြီးလိုချင်သည်။ ချယ်လ်ဆီးအသင်းက ကမ်းလှမ်းချက်ကို လက်မခံ၍ ပယ်ချလိုက်သည်။ မိုဒရစ်အနေဖြင့် စပါးအသင်းတွင် လာမည့်နှစ်များ၌ ဆက်လက်ရှိနေပါက ဖလားများ ဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း နည်းပြ ရက်နက်စ်က ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

မောင်မောင်မြင့်ဆွေ – စုစည်းသည်

တရုတ်ရုပ်ရှင်မင်းသမီး လျူယီဖိုင်၏ ဘဝကောက်ကြောင်း

ပေကျင်း ဇွန် ၂၀

တရုတ်ရုပ်ရှင်မင်းသမီးများအနက် ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်မှုရရှိနေပြီး တောင်ကိုရီးယားရုပ်ရှင်မင်းသားတစ်ဦးနှင့် မကြာမီ ဇာတ်ကားတစ်ကား ရိုက်ကူးတော့မည့်သူမှာ လျူယီဖိုင်ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ်သာရှိသေးသော်လည်း အနုပညာစွမ်းရည်ပြည့်ဝသူဖြစ်ရာ တောင်ကိုရီးယားရုပ်ရှင်မင်းသား ဘေယောင်ဂျွန်နှင့် ဒရာမာဇာတ်ကားတစ်ကား ရိုက်ကူးရန်စီစဉ်နေပြီဖြစ်သည်။ ရုပ်ရှင်မင်းသမီး လျူယီဖိုင်သည် အသက် ၁၅ နှစ်အရွယ်၌ပင် Wang Yuyan အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ပရိသတ်အားပေးမှုကိုတစ်ခဲနက်ရရှိခဲ့သူဖြစ်သည်။

တရုတ်ရုပ်ရှင်မင်းသမီး လျူယီဖိုင်

အရည်အသွေးပြည့်ဝ

လျူယီဖိုင်၏ဖခင်မှာ တက္ကသိုလ်ပါမောက္ခတစ်ဦးဖြစ်ပြီး မိခင်မှာ နိုင်ငံတော်အဆင့် အခမ်းအနားများ၌ ဖျော်ဖြေရေးအကအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ လျူယီဖိုင်သည် အသက် ခုနစ်နှစ်အရွယ်၌ပင် မိဘနှစ်ပါး ကွာရှင်းပြတ်စဲခဲ့ကြသဖြင့် မိခင်ဖြစ်သူနှင့်အတူ နေထိုင်ခဲ့ရသည်။ အသက် ရှစ်နှစ်အရွယ်မှစတင်ကာ မော်ဒယ်အလုပ်နှင့် သီချင်းဆိုလေ့ကျင့်ခဲ့သည့်အပြင် စန္ဒရားအတီးလည်းသင်ကြားလေ့လာခဲ့သဖြင့် အနုပညာအရည်အသွေးပြည့်ဝခဲ့သူဖြစ်သည်။

ထို့နောက် လျူယီဖိုင်သည် မိခင်နှင့်အတူ အမေရိကန်နိုင်ငံသို့ လေးနှစ်ကြာ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ်၌ တရုတ်နိုင်ငံသို့ ပြန်လည်နေထိုင်ခဲ့ကြသည်။ ထို့နောက် ပေကျင်းရုပ်ရှင်အကယ်ဒမီသို့ တက်ရောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်၌ အနုပညာဆိုင်ရာ ဘွဲ့ရရှိခဲ့သူဖြစ်သည်။

တွဲဖက်သရုပ်ဆောင်

ရုပ်ရှင်မင်းသမီး လျူယီဖိုင်အောင်မြင်မှုရရှိခဲ့သော ဇာတ်ကားများမှာ Love of May ၊ The Love Winner ၊ Abao De Gushi ၊ The Forbidden Kingdom ၊ Love in Disguise ၊ A Chinese Ghost Story စသည့် ရုပ်ရှင်ကားများဖြစ်သည်။ The Forbidden Kingdom ဇာတ်ကား၌ ဂျက်ကီချန်း၊ ဂျက်လီတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ရာ လူကြိုက်များခဲ့သည်။ A Chinese Ghost ဇာတ်ကားမှာ တရုတ်နိုင်ငံတစ်ဝန်း လက်ရှိ ရုံတင်ပြသနေသော ရုပ်ရှင်ကားဖြစ်သည်။

ထုတ်လုပ်နိုင်

လျူယီဖိုင်သည် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများစွာတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး တေးသီချင်းအယ်လ်ဘမ်များလည်း ထုတ်လုပ်နိုင်ခဲ့သည့် အဆိုတော်တစ်ဦးလည်းဖြစ်သည်။ လောလောဆယ်တွင် မိခင်ဖြစ်သူနှင့်အတူ နေထိုင်ရင်း ယောကျ်ားလေး မိတ်ဆွေများနှင့် တွဲနေသော်လည်း မိတ်ဆွေအဆင့်မျှသာ ရှိနေသေးသည်ဟု သိရပါကြောင်း။ ။ *(အင်တာနက်)*

21-6 (11).pmd 1 6/21/2011, 2:49 AM

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၀

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စုပေါင်းလှူဒါန်းပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ ဒီပဲယင်းမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာ ဦးလှဖေက အမှာစကားပြောကြားပြီး အသင်းသူ အသင်းသားများက အသင်းရန်ပုံငွေ အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဦးဗိုလ်ဝင်းက သုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်ရ ဦးစိန်လှိုင်အား ဂုဏ်ပြုချီးမြှင့်သည်။**(အပေါ်ပုံ)(မြန်မာ့အလင်း)**

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များ ပြန်လည်ပြုပြင်နိုင်ရေး နှိုးဆော်ချက်

မန္တလေးတောင်ခြေ၌ ခရစ်နှစ် ၁၈၆၄ ခုနှစ်က မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော သုဓမ္မာဇရပ် ၃၃ ဆောင်အနက် လက်ရှိ ကျန်ရှိနေသည့် သုဓမ္မာဇရပ် ၁၉ ဆောင်သည် ရာသီဥတုနှင့် သဘာဝဘေး ဒဏ်များကြောင့် ပြိုပျက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ယခုနှစ်တွင် နိုင်ငံတော်က ချမှတ်ပေးသော ခွင့်ပြုရန်ပုံငွေ ဖြင့် ပျက်စီးမှုအများဆုံး ဇရပ်ခြောက်ဆောင်ကို ပြုပြင်မွမ်းမံထိန်းသိမ်း လျက်ရှိပြီး ၁၃ ဆောင်မှာ ပြုပြင်လိုသည့် အလှူရှင်များ လိုအပ်လျက်ရှိပါ သည်။

လှူဒါန်းနိုင်

အလှူရှင်၏ လှူဒါန်းမှုအတွက် ဇရပ်တွင် ကမ္ပည်းကျောက်စာ ရေးထိုးပေးမည်ဖြစ်ပြီး လှူဒါန်းသော ဇရပ်အတွက် သားစဉ်မြေးဆက် ပြုပြင် လှူဒါန်းလိုပါကလည်း လှူဒါန်းနိုင်မည်ဖြစ်ရာ အောက်ဖော်ပြပါ ဇရပ်တစ်ဆောင်ချင်း ခန့်မှန်းကုန်ကျငွေများအတွက် အလှူငွေများ လာရောက်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

စဉ်	ဇရပ်အမှတ်	ပြုပြင်ရန်ခန့်မှန်း တန်ဖိုး (ကျပ်သိန်း)
၁	၁	၃၅·၂၅
၂	၂	၃၈·၈၇
၃	၃	၃၆·၉၈
၄	၄	၃၆·၀၇
၅	၆	၃၈·၆၆
၆	၇	၅၁·၂၈
၇	၈	၃၃·၄၄
၈	၉	၃၆·၂၃
၉	၁၂	၃၅·၀၃
၁၀	၁၅	၃၃·၆၂
၁၁	၁၆	၁၃·၃၆
၁၂	၁၇	၃၄·၉၂
၁၃	၁၉	၃၅·၀၉

ဆက်သွယ်လှူဒါန်းနိုင်သော နေရာဌာနများ

၁။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂၊ ၃၆၃၆၅

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၀

ပေလေးပင်စာကြည့်တိုက် တောင်တွင်းကြီး၌ဖွင့်

တောင်တွင်းကြီးမြို့နယ် တရုပ်တောအုပ်စု ရွာလေးကျေးရွာ ပေလေးပင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး နှင့် ဦးစိန်မောင်း၊ ဦးရဲမြင့်ထွန်း၊ ဦးကျော်ခိုင်ထွန်းနှင့်ဒုတိယရဲအုပ်မြင့်ဇော်တို့က စာအုပ်စာစောင် ၃၆၀ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အဆောက်အအုံ သစ်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် တာဝန်ရှိ သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ (၁၁၇)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက် လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ် စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေး ရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

မိုးဆမ်းပန်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တွံတေးမြို့နယ် တကလှဲ့ကျေးရွာအုပ်စု ကန်ပါတ်ရိုးကျေးရွာ မိုးဆမ်း ပန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးညီညီဇော်နှင့် တကလှဲ့ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

ဆွေးနွေးပြောကြား

အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီး အရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီး မှူး ဦးသက်ဦးတို့က စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း မှ စာအုပ်စာစောင် ၁၅၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာအုပ် စာစောင် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆောက်လုပ်ထား

စာကြည့်တိုက်အဆောက်အအုံအမျိုးအစားမှာ ၁၅×၁၈ပေ၊ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၂၀ အကုန်အကျခံ ဆောက်လုပ် ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပညာအလင်းစာကြည့်တိုက် သုံးခွ၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၅၈ ခုမြောက် စာကြည့်တိုက် အဖြစ် ကတုံးပေါ်အလယ်ကျေးရွာ ပညာအလင်းစာကြည့်တိုက်အဆောက် အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ် ၇၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညီနှင့်အဖွဲ့ဝင်များက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွန်း-ဒေါ်ပုစိန် မိသားစုက ၂၁ လက်မ တီဗွီတစ်လုံး၊ ဗီရိုတစ်လုံး၊ ဒေါ်မြင့်မြင့်သန်း(ခရမ်းမြို့)က ဗီရိုတစ်လုံး တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိပြီး နိုင်ငံတော် မတည်ငွေကျပ် ၁၀ သိန်း၊ သွပ်အချပ် ၅၀ နှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၃၃ သိန်း စုစုပေါင်းငွေကျပ် ၄၃ သိန်းဖြင့် ဆောက်လုပ်ထား သော စာကြည့်တိုက်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ စက်ရုံများမှ ပိတ်ကြမ်း၊ ပိတ်ချော၊ ပန်းရိုက်ဖြတ်စ၊ ပိတ်ဖြတ်စညှပ်စများအား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချ လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ကြော်ငြာအပ်ပါသည်-

တင်ဒါအမှတ် - ၂/၂၀၁၁-၂၀၁၂(အလေအလွင့်အရောင်း)
တင်ဒါပေးသွင်းရက် - ၂၁-၆-၂၀၁၁ရက်
တင်ဒါပိတ်ရက် - ၂၇-၆-၂၀၁၁ရက်

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဌာန များတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်၊
မြန်မာ့အထည်အလိပ်လုပ်ငန်း ရောင်းဝယ်ရေးဌာန၊
ဖုန်း-၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၁၅၇

စစ်ကိုင်းအသင်း(ရန်ကုန်)

စစ်ကိုင်းအသင်း(ရန်ကုန်) မိသားစု၏ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲသို့ ၂၆-၆-၂၀၁၁ရက် (တနင်္ဂနွေနေ့) တွင် ကမ်းနားလမ်းရှိ Western Park Ruby တွင် နံနက် ၈နာရီမှ ၁၁နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော စစ်ကိုင်းသူ စစ်ကိုင်းသားများနှင့် နယ်သူနယ်သားများ၊ လူငယ်၊ လူရွယ်၊ လူကြီးများအားလုံးတို့သည် အထက်ပါ အခမ်းအနားသို့ မပျက် မကွက်ကြွရောက်ပါရန်နှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၁၁ ခုနှစ် အခြေခံပညာအထက်တန်းကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

ဥက္ကဋ္ဌ ဦးဗိုလ်နောင် ဖုန်း-၀၁-၆၆၆၅၅၁၊ ဒေါ်မြင့်မြင့် သောင်း ဖုန်း-၀၉-၅၀၂၁၁၁၀နှင့် ဒေါ်လွင်လွင် ဖုန်း-၀၉- ၅၀၂၄၄၆၃သို့ စုံစမ်းဆက်သွယ်နိုင်ကြောင်းသိရသည်။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်မောင်အောင်သော်ထင့် ၁၂/ဗတထ(နိုင်)၀၁၀၁၄၂ သည် ကတ်ပြားအမှတ် TF-၂၅၆၃၅/၀၉မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၃၄၀၉၇**

ချစ်သူရေ

မင်းထားခဲ့လို့ ဟာလာဟင်းလင်းဖြစ်နေတဲ့

ကိုယ့်နှလုံးသားကို

အကြောင်းအရာမျိုးစုံနဲ့

ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့ပါတယ်

ဒါပေမယ့် ဘယ်လိုအရာကမှ

ကိုယ့်နှလုံးသားကဒဏ်ရာကို

အကင်းမသေစေခဲ့ဘူး

ဖိုးစိန်ဂယ်လာရီ ကို ရောက်မှပဲ

စိတ်သစ်လူသစ်၊ နှလုံးသားသစ်ပြန်ဖြစ်သွားတော့တယ်

ပန်းချီရဲ့အစွမ်းသတ္တိဆိုတာ

ဒါပဲဖြစ်မယ်လို့ ကိုယ်ကတော့ထင်တာပဲ။

သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ လုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ ✻

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)